မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေး ဥပဒေ

(၂၀၁၄ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၇။)

# မွန်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | |
| ၂။ | အခန်း(၁) | |
| | အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ | ၁ - ၂ |
| ၃။ | အခန်း(၂) | |
| | ရည်ရွယ်ချက်များ | ၃ - ၃ |
| ၄။ | အခန်း(၃) | |
| | ကော်မတီဖွဲ့စည်းခြင်း၊ | ၃ - ၄ |
| ၅။ | အခန်း(၄) | |
| | ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၄ - ၅ |
| ၆။ | အခန်း(၅) | |
| | မွေးမြူရေးလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း | ၅ - ၅ |
| ၇။ | အခန်း(၆) | |
| | တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ရရှိသူ၏ တာဝန်များ | ၆ - ၇ |
| ၈။ | အခန်း(၇) | |
| | တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ရရှိသူ၏ လုပ်ပိုင်ခွင့်များ | ၇ - ၇ |
| ၉။ | အခန်း(၈) | |
| | တိရစ္ဆာန်ထိန်းကျောင်းရေး | ၇ - ၈ |
| ၁၀။ | အခန်း(၉) | |
| | ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၈ - ၉ |
| ၁၁။ | အခန်း(၁၀) | |
| | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၉ - ၉ |
| ၁၂။ | အခန်း(၁၁) | |
| | အယူခံခြင်း | ၉ - ၁၀ |
| ၁၃။ | အခန်း(၁၂) | |
| | တားမြစ်ချက်များ | ၁၀ - ၁၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | အခန်း(၁၃) | |
| | ပြစ်ဒဏ်များ | ၁၀ - ၁၁ |
| ၁၅။ | အခန်း(၁၄) | |
| | အထွေထွေ | ၁၁ - ၁၂ |
| ၁၆။ | နောက်ဆက်တွဲပုံစံများ | |

# မွန်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေးဥပဒေ
## (၂၀၁၄ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၇။ )
## ၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
## ( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

### နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစတင်၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကိုဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်၊

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသော မွန်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးကော်မတီကို ဆိုသည်၊

(စ) **ဦးစီးဌာန** ဆိုသည်မှာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကို ဆိုသည်၊

(ဆ) **ဦးစီးဌာနမှူး** ဆိုသည်မှာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဦးစီးဌာနမှူးများကို ဆိုသည်၊

(ဇ) **တိရစ္ဆာန်** ဆိုသည်မှာ လူတို့မွေးမြူထားသော သို့မဟုတ် တစ်နည်းနည်းဖြင့်အသုံးပြုရန် လူတို့ဖမ်းဆီးထားသော တိရစ္ဆာန်ကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုတိရစ္ဆာန်တစ်မျိုးမျိုး၏ အထီးမျိုးရည်၊ အမမျိုးဥ သို့မဟုတ် သန္ဓေသားလောင်းလည်းပါဝင်သည်။ ၎င်းအပြင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်အဖြစ် သတ်မှတ်သော သတ္တဝါတို့လည်း ပါဝင်သည်၊

(ဈ) **တိရစ္ဆာန်ထွက်ပစ္စည်း** ဆိုသည်မှာ တိရစ္ဆာန်နှင့်တိရစ္ဆာန်မှထွက်ရှိသော နို့၊ သွေး၊ ဥ၊ အသား၊ သားရေ၊ အမွေး၊ အရည် သို့မဟုတ် တိရစ္ဆာန်၏ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ပိုးနှင့်ပိုးမှထွက်ရှိသော ပိုးချည်နှင့် ပျားနှင့်ပျားအုံမှရရှိသော ပျားထွက်ပစ္စည်းလည်း ပါဝင်သည်၊

(ည) **တိရစ္ဆာန်မွေးမြူရေး** ဆိုသည်မှာ လူတို့စားသုံးရန်၊ ခိုင်းစေရန်၊ မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်ရန်၊ မျိုးပွားရန်၊ မျိုးဖြန့်ဖြူးရန်၊ တိရစ္ဆာန်ကို တစ်နည်းနည်းအသုံးပြုရန် စီးပွားဖြစ်မွေးမြူခြင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူခြင်းနှင့် အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းကို ဆိုသည်။

(ဋ) **စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ မွေးမြူရေးထုတ်ကုန်အဖြစ် ရောင်းချရန်အလို့ငှာ တိရစ္ဆာန်မွေးမြူသည့်လုပ်ငန်းကို ဆိုသည်၊

(ဌ) **တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းမဟုတ်သော၊ အိမ်မွေးတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းမဟုတ်သော တစ်ပိုင်တစ်နိုင်မွေးမြူသည့် မွေးမြူရေးလုပ်ငန်းကို ဆိုသည်၊

(ဍ) **ထိန်းကျောင်းခြင်း** ဆိုသည်မှာ စီးပွားဖြစ်ဖြစ်စေ၊ ခိုင်းစေရန်ဖြစ်စေ၊ မျိုးပွားဖြန့်ဖြူးရန်ဖြစ်စေ၊ တစ်ပိုင်တစ်နိုင်ဖြစ်စေ၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းဖြစ်စေ တိရစ္ဆာန်အမျိုးအစားအလိုက် စောင့်ရှောက်မှုနည်းလမ်းများ၊ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ထိန်းကျောင်းခြင်းကို ဆိုသည်၊

(ဎ) **စားကျက်မြေ** ဆိုသည်မှာ တိရစ္ဆာန်များ စားသုံးရန်အလို့ငှာ လွတ်ကျောင်း၍ ရနိုင်သော သက်ဆိုင်ရာအစိုးရဌာနမှ သတ်မှတ်ထားသည့်မြေကို ဆိုသည်၊

(ဏ) **ကူးစက်ရောဂါ** ဆိုသည်မှာ ကူးစက်ရောဂါဖြစ်သည်ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကကြေညာသော တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ရောဂါတစ်မျိုးမျိုးကို ဆိုသည်၊

(တ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသော တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ကို ဆိုသည်၊

(ထ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၁၉ အရ ဖွဲ့စည်းသော ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်နှင့် စနစ်တကျထိန်းကျောင်းနိုင်ရန်၊

(ခ) တိရစ္ဆာန်မွေးမြူရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်စေရန်၊

(ဂ) တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရန်နှင့်ဖြစ်ပွားလာပါက စနစ်တကျ ထိန်းချုပ်နိုင်ရန်၊

(ဃ) တိရစ္ဆာန်မှ လူသို့လည်းကောင်း၊ လူမှ တိရစ္ဆာန်သို့လည်းကောင်း ကူးစက်ရောဂါများ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်နိုင်ရန်၊

(င) စားကျက်မြေများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် စားကျက်မြေများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကူညီရန်၊

(စ) ဒေသဆိုင်ရာတိရစ္ဆာန်မျိုးရင်းများ ထိန်းသိမ်းစောင့်ရှောက်မှုကို အားပေးရန်၊

(ဆ) တိရစ္ဆာန်များအား ညှဉ်းပန်းနှိပ်စက်ခြင်းမှ အကာအကွယ်ပေးရန်။

## အခန်း(၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် မွန်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန<br>ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်နယ်မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(စ) ပြည်နယ်ဦးစီးဌာနမှူး ပြည်နယ်ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်

(ဆ) ပြည်နယ်ဦးစီးဌာနမှူး ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန — အဖွဲ့ဝင်

(ဇ) ခရိုင်ဦးစီးဌာနမှူး မော်လမြိုင်ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အဖွဲ့ဝင်

(ဈ) ခရိုင်ဦးစီးဌာနမှူး သထုံခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အဖွဲ့ဝင်

(ည) ပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဋ) ပြည်နယ်ဦးစီးဌာနမှူး ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အတွင်းရေးမှူး

၅။ အစိုးရအဖွဲ့သည် ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသော ကော်မတီကို ဝန်ကြီး၏တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၄)
## ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိရစ္ဆာန်မွေးမြူလိုသူများအား နည်းပညာများဖြန့်ဖြူးခြင်း၊ တိုးတက်အောင်မြင်အောင် အားပေးကူညီခြင်း၊

(ခ) ရာသီဥတု၊ ရေ၊ မြေနှင့်ကိုက်ညီသော တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ပေါ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း၊ သုတေသနပြုခြင်း၊

(ဂ) တိရစ္ဆာန်အမျိုးအစား၊ မွေးမြူရေးထုတ်ကုန်ထုတ်လုပ်မှုအမျိုးအစားနှင့် ပမာဏအလိုက် မွေးမြူမှုစနစ်စံများ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းစံများ သတ်မှတ်ခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဃ) စီးပွားရေးအလို့ငှာ မျိုးပွားရန်နှင့်မျိုးဖြန့်ဖြူးရန်အတွက် မွေးမြူထားသော တိရစ္ဆာန်များ၏ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးမှတ်တမ်းများ၊ မျိုးရိုးဗီဇမှတ်တမ်းများကို လိုအပ်သလို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ထိန်းသိမ်းထားရှိစေခြင်း၊

(င) တိရစ္ဆာန်တစ်မျိုးချင်းအလိုက် စီးပွားဖြစ်မွေးမြူထုတ်လုပ်ခြင်းနှင့် တစ်ပိုင်တစ်နိုင်မွေးမြူခြင်းအား ကောင်းရေသတ်မှတ်ခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(စ) အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းအား လိုအပ်သလို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း၊

(ဇ) တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ခ၊ စစ်ဆေးခနှင့် ဒဏ်ကြေးငွေများ သတ်မှတ်ပေးခြင်း၊

(ဈ) တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ စည်းကမ်းများသတ်မှတ်ပေးခြင်း၊

(ည) သဘာဝပေါက်ပင်နှင့်သီးနှံများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ရေးအတွက် သုတေသနပြုခြင်း၊

(ဋ) တိရစ္ဆာန်မှတစ်ဆင့် လူကို ကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေး၊ အများပြည်သူ ကျန်းမာရေးအတွက် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ တိရစ္ဆာန်အစာများကို စစ်ဆေးခြင်းနှင့် တိရစ္ဆာန်ဆေးပညာဆိုင်ရာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဌ) ပျားမွေးမြူခြင်းနှင့် ပိုးမွေးမြူခြင်းလုပ်ငန်းကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဍ) တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မွေးမြူရေးခြံများအား စစ်ဆေးခြင်း၊ ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းဝန်ဆောင်မှုများ အတွက် အခကြေးငွေ သတ်မှတ်ခြင်း၊

(ဎ) တိရစ္ဆာန်များသတ်ဖြတ်ခြင်းနှင့် အသားရောင်းချခြင်းဆိုင်ရာ သတ်မှတ်ချက်များထုတ်ပြန်ခြင်း၊

(ဏ) စားကျက်မြေများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီခြင်း။

၇။ ကော်မတီသည် မေထုန်မဲ့သားစပ်ခြင်း၊ သန္ဓေသားလောင်းထည့်သွင်းသားဖောက်ခြင်း၊ နည်းစနစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်ထုတ်ပေးခြင်းကို ပြည်နယ်ဦးစီးဌာနမှူးအား တာဝန်ပေးဆောင်ရွက်စေနိုင်သည်။

## အခန်း(၅)
## မွေးမြူရေးလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း

၈။ ကော်မတီသည် တစ်ပိုင်တစ်နိုင်မွေးမြူခြင်းနှင့် အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းအတွက် လိုင်စင်ရယူစေခြင်းကို အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်နိုင်သည်။

၉။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူသည် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းလိုင်စင်ကို **နောက်ဆက်တွဲပုံစံ (၁) ဖြင့်** မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီထံ လျှောက်ထားရမည်။ မြို့နယ်ဦးစီးဌာနမှူးသည် လျှောက်ထားချက်ကို စိစစ်ပြီး ခရိုင်ဦးစီးဌာနမှူး၊ ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီသို့ တင်ပြရမည်။

၁၀။ ကော်မတီသည် ပုဒ်မ ၉ အရ လျှောက်ထားချက်အပေါ် လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက **နောက်ဆက်တွဲပုံစံ(၂)**ဖြင့် လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၁။ လိုင်စင်ရရှိသူသည် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ခ၊ စစ်ဆေးခတို့ကို ကော်မတီက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း(၆)
## တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ရရှိသူ၏ တာဝန်များ

၁၂။ လိုင်စင်ရရှိသူသည် -

(က) ကော်မတီက သတ်မှတ်သည့် စည်းကမ်းများနှင့်အညီ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းမှတ်တမ်း ထားရှိရမည်။ ကြီးကြပ်ရေးအဖွဲ့နှင့် ဦးစီးဌာနတို့၏အခါအားလျော်စွာ စစ်ဆေးမှုကို ခံယူရမည်၊

(ခ) မေထုန်မဲ့သားစပ်ခြင်း၊ သန္ဓေသားလောင်း ထည့်သွင်းသားဖောက်ခြင်းနည်းစနစ်ဖြင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ပါက ဦးစီးဌာနမှထုတ်ပေးသော ကျွမ်းကျင်မှုလက်မှတ် ရရှိသူဖြင့်သာ ဆောင်ရွက်ရမည်၊

(ဂ) တိရစ္ဆာန်များကို ရောင်းချသည့်အခါ ယင်းတိရစ္ဆာန်၏မျိုးရိုးစဉ်ဆက်ပြမှတ်တမ်းနှင့် ရောဂါကင်းရှင်းမှု အထောက်အထားလက်မှတ်ပါရှိရမည်၊

(ဃ) အမမျိုးဥ၊ အအေးခံသားမျိုးရည်၊ သန္ဓေသားလောင်းနှင့် အခြားတိရစ္ဆာန်မျိုးရိုးဗီဇပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းလုပ်ကိုင်ပါက ယင်းတို့ကို စုဆောင်းခြင်း၊ မျိုးပွားခြင်း၊ ရောင်းချခြင်း ဆိုင်ရာမှတ်တမ်းများ ထိန်းသိမ်းထားရှိရမည်၊

(င) တိရစ္ဆာန်မျိုးပွားရေး၊ ရှင်သန်ကြီးထွားရေးအတွက် သင့်လျော်သည့်ပတ်ဝန်းကျင် စီစဉ် ထားရှိရမည်၊

(စ) တိရစ္ဆာန်များအား ၎င်းတို့၏ အမျိုးအစားအလိုက် ရှင်သန်ကြီးထွားနိုင်သည့် အပူချိန်နှင့် လုံလောက်သော အလင်းရောင်ကောင်းစွာရရှိရေးကို ဆောင်ရွက်ထားရှိရမည်၊

(ဆ) အမှိုက်၊ အညစ်အကြေးစွန့်ပစ်နေရာတွင် တိရစ္ဆာန် မွေးမြူခြင်း မပြုရ။ တိရစ္ဆာန်များအား အညစ်အကြေးများ၊ အမှိုက်များကို ကျွေးမွေးခြင်း မပြုရ၊

(ဇ) စံချိန်စံညွှန်းနှင့်မညီသည့်အစာ သို့မဟုတ် ဖြည့်စွက်စာ၊ တားမြစ်ဆေးဝါးများ၊ ဆေးဝါးအတုများကို ထည့်သွင်းဖော်စပ် ကျွေးမွေးခြင်း မပြုရ၊

(ဈ) ကော်မတီက သတ်မှတ်သည့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံရေး (Bio security) လုပ်ငန်းညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်၊

(ည) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားပါက သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီ သတင်း ပေးပို့ရမည်၊

(ဋ) တိရစ္ဆာန် အညစ်အကြေးများနှင့် အသုံးမပြုသော တိရစ္ဆာန်ထွက်ပစ္စည်းများကို ပတ်ဝန်းကျင် မထိခိုက်စေရန် စနစ်တကျစီမံဆောင်ရွက်ရမည်၊

(ဌ) သတ်မှတ်သည့် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခကို ပေးဆောင်ရမည်၊

(ဍ) ကော်မတီကစစ်ဆေးခပေးဆောင်ရန် သတ်မှတ်သည့်လုပ်ငန်းများအတွက် စစ်ဆေးခ ပေးဆောင်ရမည်၊

(ဎ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

၁၃။ အောက်ပါနေရာဒေသများတွင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ -

(က) သောက်သုံးရေအတွက် ကာကွယ်ထိန်းသိမ်းထားသည့် နေရာဒေသ၊

(ခ) သမိုင်းဝင်နေရာများနှင့် ရှုခင်းသာနေရာများ၊

(ဂ) မြို့ပြလူနေရပ်ကွက်များ၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ သိပ္ပံပညာသုတေသနဆိုင်ရာ နေရာဒေသများနှင့် လူနေထူထပ်သည့် နေရာဒေသများ၊

(ဃ) အမိန့်ကြော်ငြာစာဖြင့် တားမြစ်သည့် နယ်မြေဒေသများ။

## အခန်း(၇)

## တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ရရှိသူ၏ လုပ်ပိုင်ခွင့်များ

၁၄။ လိုင်စင်ရရှိသူသည် တိရစ္ဆာန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများကို လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း ပြုနိုင်သည်။ သယ်ယူရွှေ့ပြောင်းခြင်းကို ကော်မတီက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၅။ လိုင်စင်ရရှိသူသည် တည်ဆဲဥပဒေများနှင့်အညီ မွေးမြူရေးတိရစ္ဆာန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်။

၁၆။ လိုင်စင်ရရှိသူသည် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘဏ်ချေးငွေ၊ တိရစ္ဆာန် မျိုးကောင်းမျိုးသန့်၊ မွေးမြူရေးနည်းပညာနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုအကူအညီရရှိရန် ကော်မတီထံ တင်ပြနိုင်သည်။

၁၇။ လိုင်စင်ရရှိသူသည် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ မွေးမြူရေးဆိုင်ရာဆေးဝါး၊ မွေးမြူရေးလုပ်ငန်းသုံးကိရိယာများကို ပြည်ပမှတင်သွင်းခြင်းအတွက် ကော်မတီထံ အကူအညီတောင်းခံနိုင်သည်။

## အခန်း(၈)

## တိရစ္ဆာန်ထိန်းကျောင်းရေး

၁၈။ ကော်မတီသည် တိရစ္ဆာန်ထိန်းကျောင်းရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) တိရစ္ဆာန်အမျိုးအစား၊ မွေးမြူရေးထုတ်ကုန်ထုတ်လုပ်မှုလုပ်ငန်းအမျိုးအစားနှင့် ပမာဏအလိုက် ထိန်းသိမ်းစောင့်ရှောက်ခြင်းစံများနှင့် ထိန်းကျောင်းခြင်းစံများ သတ်မှတ်ခြင်း၊ စစ်ဆေး ကြီးကြပ်ခြင်း၊

(ခ) အိမ်မွေးတိရစ္ဆာန်များအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းစံများနှင့် ရောဂါကာကွယ်ခြင်းဆိုင်ရာစံများ သတ်မှတ်ခြင်း၊ စစ်ဆေးကြီးကြပ်စေခြင်း၊

(ဂ) တိရစ္ဆာန်အမျိုးအစားလိုက် သယ်ဆောင်နိုင်သည့် သို့မဟုတ် ဆွဲနိုင်သည့် အများဆုံးဝန်အလေးချိန်၊ အလုပ်ခိုင်းစေရန် အသက်အရွယ်၊ အချိန်ကာလနှင့် အလုပ်ချိန် သတ်မှတ်ခြင်း၊

(ဃ) စီးပွားဖြစ်မွေးမြူခြင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊ မျိုးပွားဖြန့်ဖြူးခြင်းတို့နှင့်စပ်လျဉ်း၍ တိရစ္ဆာန်အမျိုးအစားလိုက် ထိန်းသိမ်းစောင့်ရှောက်မှုနည်းလမ်းများ၊ ထိန်းကျောင်းမှုကန့်သတ်ချက်များ ထုတ်ပြန်ခြင်း၊ အများပြည်သူတို့ သိရှိနိုင်စေရန် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း။

## အခန်း(၉)
## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၉။ ကော်မတီသည် ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်းကို ဆောင်ရွက်နိုင်သည် -

| | | |
|---|---|---|
| (က) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | အရာရှိကိုယ်စားလှယ်<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | အရာရှိကိုယ်စားလှယ်<br>မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ | အဖွဲ့ဝင် |
| (စ) | မွေးမြူရေးလုပ်ငန်းကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဆ) | အရာရှိကိုယ်စားလှယ်<br>မြို့နယ်ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |

၂၀။ ကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိရစ္ဆာန်မွေးမြူရေးနှင့်စပ်လျဉ်း၍ ကော်မတီက သတ်မှတ်ထားသော မွေးမြူမှုစနစ်စံများ၊ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းစံများနှင့် ညီ မညီ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) မွေးမြူထားသောတိရစ္ဆာန်များ၏ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးမှတ်တမ်းများ၊ မျိုးရိုးဗီဇမှတ်တမ်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဂ) တိရစ္ဆာန်အမျိုးအစားအလိုက် သတ်မှတ်ထားသော မွေးမြူရေးနေရာ၊ အကျယ်အဝန်းနှင့် ကောင်းရေကိုက်ညီမှု ရှိ၊ မရှိစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဃ) ကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုင်စင်ရရှိသူက လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(င) စစ်ဆေးတွေ့ရှိချက်ကို ခရိုင်ဦးစီးဌာနမှူး၊ ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီသို့ တင်ပြအစီရင်ခံခြင်း၊

(စ) တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကော်မတီအား အကူအညီများပေးခြင်း၊

(ဆ) စားကျက်မြေများ ထိန်းသိမ်းစောင့်ရှောက်ရေးကို ကူညီဆောင်ရွက်ခြင်း၊

(ဇ) ကော်မတီက ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၁၀)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၁။ ကော်မတီသည် ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက ထိုသူအား အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ရမည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

၂၂။ ကော်မတီသည် ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကြောင်း ထပ်မံစစ်ဆေးတွေ့ရှိပါက ထိုသူအား ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရ ချမှတ်ထားသော ဒဏ်ကြေးငွေ၏နှစ်ဆကို ပေးဆောင်စေရန် ချမှတ်ရမည်။

၂၃။ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ အရ ချမှတ်သော ဒဏ်ကြေးငွေကို ကော်မတီက သတ်မှတ်သည့်နည်းလမ်းများနှင့် အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း(၁၁)
## အယူခံခြင်း

၂၄။ (က) ပုဒ်မ ၂၁ နှင့် ပုဒ်မ၂၂ အရ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်၊

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်၊

(ဂ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၁၂)
## တားမြစ်ချက်များ

၂၅။ မည်သူမျှ လိုင်စင်မရှိဘဲ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ။

၂၆။ မည်သူမျှ တိရစ္ဆာန်မွေးမြူခြင်း၊ မွေးမြူရေးထုတ်ကုန်ထုတ်လုပ်ခြင်း၊ မျိုးဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် မွေးမြူမှုစနစ်စံများ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းစံများ၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းစံများ၊ ကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၇။ မည်သူမျှ တိရစ္ဆာန်နှင့်စပ်လျဉ်း၍ အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -

(က) ရက်စက်ကြမ်းကြုတ်စွာ ခိုင်းစေခြင်း သို့မဟုတ် သတ်မှတ်ထားသော အလေးချိန်ထက် ပို၍ တင်ဆောင်ခြင်း၊ ဆွဲယူစေခြင်း၊

(ခ) နှိပ်စက်ညှဉ်းပန်းခြင်း၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို မလိုအပ်ဘဲ ချို့တဲ့စေခြင်း၊

(ဃ) အစာရေစာမကျွေးဘဲထားခြင်း၊

(င) ရောဂါ သို့မဟုတ် ဒဏ်ရာရရှိနေပါလျက် ကုသစောင့်ရှောက်မှု မပြုဘဲထားခြင်း၊

(စ) ကူးစက်ရောဂါစွဲကပ်နေပါလျက် သို့မဟုတ် ဒဏ်ရာရရှိနေပါလျက် အများပြည်သူဆိုင်ရာ နေရာသို့ လွှတ်ထားခြင်း၊

(ဆ) လမ်းများ၊ အများပြည်သူဆိုင်ရာနေရာများတွင် စည်းကမ်းမဲ့လွှတ်ကျောင်းခြင်း၊

(ဇ) ကော်မတီမှထုတ်ပြန်သော သတ်မှတ်ချက်များနှင့်မညီညွတ်သည့် တိရစ္ဆာန်သတ်ဖြတ်ခြင်းနှင့် အသားရောင်းချခြင်း။

## အခန်း(၁၃)
## ပြစ်ဒဏ်များ

၂၈။ မည်သူမဆို ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း) အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လအထိထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း) အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၀။ တရားရုံးသည် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သို့မဟုတ် ဖျက်ဆီးရန် အမိန့်ချမှတ်နိုင်သည်။ ထိုသို့ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက် ပစ္စည်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

၃၁။ ဦးစီးဌာနသည် တရားရုံးက လွှဲပြောင်းပေးသော ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ကော်မတီ၏ခွင့်ပြုချက်ဖြင့် စီမံခန့်ခွဲနိုင်သည်။

## အခန်း(၁၄)
## အထွေထွေ

၃၂။ ဤဥပဒေအရ အရေးယူသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၃။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်နိုင်သည်။

၃၄။ ကော်မတီသည် လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုအား လိုင်စင်ခ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၅။ ကော်မတီသည် ဤဥပဒေအရ ရရန်ရှိသော ဒဏ်ကြေးနှင့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုဒဏ်ကြေးငွေနှင့်အခကြေးငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရန် ဦးစီးဌာနမှ ဦးစီးအရာရှိတစ်ဦးဦးအား တာဝန်ပေးအပ်ရမည်။

၃၆။ ဤဥပဒေအရ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများနှင့် ထိန်းကျောင်းခြင်းများကို စစ်ဆေးကြီးကြပ်ရာတွင်-

(က) လူမှုစီးပွားထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရမည်၊

(ခ) ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်၊

(ဂ) ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းစံများကို ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်၊

(ဃ) စစ်ဆေးမှုကို နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ဆောင်ရွက်ရမည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

အုန်းမြင့်
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

# တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်လျှောက်လွှာ

သို့

အတွင်းရေးမှူး

မွန်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေးကော်မတီ

မော်လမြိုင်မြို့

ရက်စွဲ။ -------------

အကြောင်းအရာ။ **တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်လျှောက်ထားခြင်း**

တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ထုတ်ပေးပါရန် လျှောက်ထားပါသည် -

၁။ လျှောက်ထားသူ

(က) အမည် --------------------------------------------

(ခ) အဘအမည် --------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ ------------------------------------

နိုင်ငံခြားသားမှတ်ပုံတင်အမှတ်

၃။ တိရစ္ဆာန်အမျိုးအစား --------------------------------------------

၄။ တိရစ္ဆာန်ကောင်ရေ --------------------------------------------

၅။ အမြဲတမ်းနေရပ်လိပ်စာ --------------------------------------------

၆။ တိရစ္ဆာန်မွေးမြူမည့်နေရာ၊ --------------------------------------------

အဆောက်အဦ လိပ်စာ --------------------------------------------

(က) အဆောက်အဦအမျိုးအစား --------------------------------------------

(အမိုး၊ အကာ) --------------------------------------------

--------------------------------------------

(ခ) ဧရိယာအကျယ်အဝန်း --------------------------------------------

လက်မှတ် ---------------

အမည် ---------------

မှတ်ပုံတင် ---------------

လိပ်စာ ---------------

နောက်ဆက်တွဲပုံစံ (၂)

# မွန်ပြည်နယ်တိုးရစ်လမ်းညွှန်မှုရေးနှင့်စနစ်တကျထိန်းကျောင်းရေးကော်မတီ
# တိုးရစ်လမ်းညွှန်မှုရေးလုပ်ငန်းလိုင်စင်

ရက်စွဲ၊ - -

၁။ ---------------- ရက်စွဲပါ၊ လျှောက်လွှာအမှတ်-------------ဖြင့် လုပ်ငန်းခွင့်ပြုလိုင်စင် ရရှိရန်လျှောက်ထားသော မွန်ပြည်နယ် ၊ ----------- မြို့နယ်၊ ----------ရပ်ကွက်/ကျေးရွာ၊ ဦး / ဒေါ်-----------အဘ ---------- နိုင်ငံသားစိစစ်ရေးကတ်ပြား / နိုင်ငံသားမှတ်ပုံတင်အမှတ် -------------------အား--------- တိုးရစ်လမ်းညွှန်မှုရေးလုပ်ငန်းဆောင်ရွက်ရန် မွန်ပြည်နယ် တိုးရစ်လမ်းညွှန်မှုရေးနှင့် စနစ်တကျထိန်းကျောင်းရေး ဥပဒေပုဒ်မ ၁၀ အရ ခွင့်ပြုလိုက်သည် -

(က) တိုးရစ်လမ်းညွှန်အမျိုးအစား ------------------------------------------------

(ခ) တိုးရစ်လမ်းညွှန်ကောင်ရေ ------------------------------------------------

(ဂ) တိုးရစ်လမ်းညွှန်မှုမည့်နေရာ၊ ------------------------------------------------
အဆောက်အဦ လိပ်စာ ------------------------------------------------

၂။ ခွင့်ပြုလိုင်စင်အမှတ် --------------------------

ရုံးတံဆိပ်

အတွင်းရေးမှူး
မွန်ပြည်နယ်တိုးရစ်လမ်းညွှန်မှုရေးနှင့်စနစ်တကျထိန်းကျောင်းရေးကော်မတီ
မော်လမြိုင်မြို့။